# ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး

# ၁၈ ရက်မြောက်နေ့ အစီအစဉ်

# [ ၄-၁၁-၂၀၁၃] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးမင်းဆွေ၊ ဒိုက်ဦး မဲဆန္ဒနယ်၏ **လယ်သမားများထံ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြု မှတ်ပုံတင်လက်မှတ်များ ရောက်ရှိရေးအတွက် မည်သို့ဆောင်ရွက်မည်၊ မြေတိုင်းတာရာတွင် အထောက်အကူ ပစ္စည်းများ ဝယ်ယူဖြည့်တင်းခြင်း၊ ဝန်ထမ်းလိုအပ်ပါက ခန့်အပ်ခြင်း စသည့် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးကြင်သိန်း၊ ပဲခူး မဲဆန္ဒနယ်၏ **ပဲခူးမြို့နယ်၊ ထန်းတောကြီး တိုက်နယ်နှင့် ဇောင်းတူတိုက်နယ်အတွင်းရှိ ကျေးရွာများတွင် မိုဘိုင်းဖုန်းများ အဆင်ပြေစွာ အသုံးပြုနိုင်ရေးအတွက် တာဝါတိုင်များ စိုက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးအောင်လင်းလှိုင်၊ ဘုတ်ပြင်း မဲဆန္ဒနယ်၏ **GSM, CDMA Sim Card များ ခွဲဝေချထားပေးမှု** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဒေါ်မိမြင့်သန်း၊ ရေး မဲဆန္ဒနယ်၏ **ရေးမြို့နယ်၊ လမိုင်းမြို့နယ်ခွဲနှင့် ခေါ်စာမြို့နယ်ခွဲများအတွက် GSM တာဝါတိုင်နှင့် CDMA တာဝါတိုင်များ ထပ်မံဖြည့်စွက် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးထန်းလိန်း၊ မင်းတပ် မဲဆန္ဒနယ်၏ **မင်းတပ်ခရိုင်မှ မြို့နယ် ၄ ခု၏ နယ်စပ်ဖြစ်သည့် လည်မြို့မြစ် ပတ်ဝန်းကျင်ဒေသရှိ မတူပီ– မားဒူ– ဝေလူး– ထိန်ကောင်း–ချိုင်းစနူး– မွန်းတနူး– သံတောင် ဒေသဖွံ့ဖြိုးရေးအတွက် ကားလမ်းဖောက်လုပ်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဒေါ်နန်းနွံ၊ ရှားတော မဲဆန္ဒနယ်၏ **ရှားတောမြို့နယ်အပါအဝင် ဖွံ့ဖြိုးမှု နောက်ကျ၍ ဝေးလံခက်ခဲသောမြို့များတွင် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဦးစားပေး ဆောင်ရွက်ရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးခွန်လိန်း၊ ဖလမ်း မဲဆန္ဒနယ်၏ **ချင်းပြည်နယ်အတွင်းရှိ ကျောင်းများ၊ ဆေးရုံများအတွက် ခွင့်ပြုချမှတ်ထားသည့် ရန်ပုံငွေများ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်က **"ရခိုင်ပြည်နယ်၏ အမျိုးသား အကျိုးစီးပွားကို ရှေးရှုပြီး ဘူးသီးတောင်၊ မောင်တောဒေသတွင် ဘက်စုံ ထောင့်စုံမှ ထိရောက်သော ပေါင်းစပ်ညှိနှိုင်းထားသည့် လုံခြုံရေး၊ လူဝင်မှု ကြီးကြပ်ရေး၊ အုပ်ချုပ်ရေးအစီအမံများကို ယခင်ကထက် သာလွန် ကောင်းမွန်သည့် အစီအမံများဖြင့် အမြန်ဆုံးချမှတ် စတင်အကောင်အထည်ဖော် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၇။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **“ သတင်းမီဒီယာ ဥပဒေကြမ်း ”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၉ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။